

ဝန်ရင်း
Read on the move

ထီးရိပ်ကြည်ဆန်း

# ကျောက်ရှာတဲ့ လူ
# နဲ့
# ကျောက်ကရှာတဲ့ လူ

(ဖားကန့်နောက်ခံ ဝတ္ထုတိုများ)

## ချေ .... ကျော်ကီ

နွေနေပူပြင်းသောအချိန်။ မမိုးနှင့် ဖားပြင်တောင်ကြော မှာ မီးခိုးတလုံးလုံးဖြင့် တောမီးရှို့ထားတာတွေ့ရ၏ ။ ကျွန်တော် တို့ ရေမဆေးကျောက်ရှာသူများမှာ ကုမ္ပဏီလုပ်ကွက်တွေက မြေစာပစ်သော ဥရုချောင်းရိုးတစ်လျှောက် ပွဲတော်ကြီးအလား ရှိနေကြ၏ ။ တောမီးရှို့ခြင်းမှာ ကျောက်စိမ်းလုပ်ကွက်မြေနေရာ များ ရှင်းလင်းခြင်းဖြစ်သည်။ ထိုအချိန်လေးမှာပင် ကျွန်တော်တို့ နှင့် ကျောက်ရှာနေသည့် ရေမဆေးသမား ကိုးယောက်၊ ဆယ်ယောက်ခန့် တောမီးရှို့သည့်တောင်ကုန်းပေါ်သို့ အပြေး တက်သွားတာ တွေ့ကြရ၏ ။ ဟိုဘက်တောင်ပေါ်မှာလည်း ဘယ်အချိန်က ရောက်နေသည်မသိ။ ရေမဆေးသမား ဆယ့် လေးငါးယောက်တွေ့လိုက်ရ၏ ။

''ဟိုဘက်ပြေးပြီဟေ့''

''လိုက်ဟေ့''

''ဝိုင်းပါဟ''

''ဒီဘက်က ခြောက်လိုက်ပါဟ''

တစ်ယောက်တစ်ပေါက် ဆူညံစွာအော်ဟစ်သံများ ကြောင့် ကျွန်တော်တို့လှမ်းကြည့်နေမိ၏ ။ ကျွန်တော်တို့ဘေး ဝဲယာမှ ရေးမဆေးသမားတွေက

''တို့လည်း လိုက်ကြအောင်ဟေ့''

ဟုအော်ဟစ်ပြီးတော့ မီးလောင်ရာတောင်ပေါ်သို့ ပြေး တက်သွားကြ၏ ။

''ဘာတဲ့လဲဗျ ကိုမြင့်အောင်''

ကျွန်တော်နှင့် ရေမဆေးကျောက် အတူရှာသည့် ကိုမြင့်အောင်ကို ကျွန်တော်လှမ်းမေးလိုက်သည်။

''ဟိုမှာလေ မတွေ့ဘူးလား။ ဟော ...ဟော ပြေးပြီ။ လိုက်ပါဟ''

''ဟိုကောင်တယ်ညွှံ့သကိုး''

ကိုမြင့်အောင်က ကျွန်တော်ကိုတောင်ပေါ်သို့ မေးငေါ့ ပြရင်း

''ချေလိုက်နေတာလေ။ မတွေ့ဘူးလား''

ချေ(ဂျီ)ဟုပြော၏ ။ ရုတ်ကနဲ ကျွန်တော်မြင်လိုက်ရ သည်။ ချေပေါက်ကလေးတစ်ကောင် ကြောက်အားလန့်အားဖြင့် တောမီးရှို့ထားသည့်ဘက်က ပြေးထွက်ချလာသည်။ ရေးမဆေး သမားတစ်ယောက်က ဒိုင်ဗင်ထိုးပြီး ချေပေါက်လေးကို ခုန်အုပ် လိုက်၏ ။ ချေပေါက် ကလေးကိုတော့မဖမ်းမိ။ အရှိန်လွန်ပြီး တောင်စောင်းအတိုင်း နှစ်ပတ်၊ သုံးပတ် လိမ့်သွားသည့် ရေမ ဆေးသမားကိုကြည့်ပြီး အောက်ကလူတွေ ဝိုင်းရယ်ကြ၏ ။

''ဟေး ...လိုက်ပါကွ''

''ဝေး ဟိုကောင်မောနေပလား။ လိုက်ဖမ်းလေကွာ'' ''ဟေး မိပြီကွ။ ဟေး ရပြီဟေ့''

တစ်ယောက်တစ်ခွန်း အော်သံတွေလျှံကျလာသည်။ ဘာလက်နက်မျှမပါဘဲ ချေကိုဝိုင်းဖမ်းလိုက်ကြတာ အံ့သြစရာပ။ သူတို့ခမျာ မီးလောင်လို့ပြေးရတာ တစ်မျိုး။ ရေမဆေးသမားတွေ လိုက်ဖမ်းလို့ ပြေးရတာ တစ်မျိုး။ သူတို့အသက်ကို အတော်ကြီး လုယူနေကြရှာသည်။ ဒါပေမဲ့မလွတ်။

''မိပြီဟေ့''

''တို့လည်းပါတယ်ကွ ...နော်''

''ဟေး''

ရေမဆေးသမားများ၏ လက်ထဲမှာ ကို့ယို့ကားယား ရှန်းကန်နေသည့် ချေပေါက်ကလေးနှစ်ကောင်။ တချို့ရေမဆေး သမားတွေက ကျောက်ကိုကျော်ကီလိုက်ကြသလိုမျိုး

''ငါလည်းချေလိုက်တဲ့အထဲ ပါတယ်နော်''

ဟုပြောပြီး ချေကျော်ကီ လိုက်ကြ၏ ။ ဆိုင်ကယ်များ ဥရုချောင်းကမ်းဘေးမှာ တန်းစီရပ်ထားပြီး ကောက်ရိုးလောပန်း တချို့ ရပ်ကြည့်နေကြ၏ ။ တစ်ယောက်ကမေးသည်။

''ဘာလဲဟေ့ ကျောက်ရသလား''

''မဟုတ်ဘူးဗျ။ ဂျီ ...ဂျီ(ချေ)''

ကောက်ရိုးလောပန်း နောက်တစ်ယောက်က မေးပြန် သည်။

''ရောင်းမလား''

''ရောင်းမလားတဲ့ဟေ့''

''ငါဆိုင်ကယ်နဲ့ လိုက်ခဲ့မယ်။ မင်းတို့ ရှေ့ကသွားနှင့်ကြ''
''ဘယ်လမ်းကသွားမလဲ''

''ဖားပြင်ရွာထဲကဆို တစ်ကွေ့တစ်ပတ်ကြီး သွားရမှာကွ'' ''ဘဖဲချောက်လမ်းကသွားမယ်''

''အေး ကောင်းသဟေ့ သွားမယ်'

ဥရုချောင်းရေတိမ်သည့်နေရာက ကူးကြရန်သူတို့က တောစီးဖိနပ်များ၊ အကျႌ၊ ဘောင်းဘီရှည်များ ချွတ်လိုက်ကြသည်။ ''ကောင်းကောင်းကိုင်ထားပါကွ''

တစ်ယောက်ကအော်ပြောသည်။

''ဟ ဟာ လဲပြီ''

''ဗွမ်း ...''

''ဝုန်း ...''

ရေထဲမှာ လွတ်သွားသော ချေတစ်ကောင်ကို ကူးခပ်လိုက်ဖမ်းကြရပြန်သည်။ ရေမဆေးရှာသူများ၊ ဈေးရောင်းသူများ၊ ကျောက်ဝယ်သူကောက်ရိုးလောပန်းများ၊ ရေမဆေးသမား ချေဖမ်းအဖွဲ့ ချောင်းဟိုဘက်ကမ်းကူးနေကြပုံကို ဥရုချောင်း လမ်းတစ်လျှောက် တန်းစီကြည့်နေကြ၏။

''ချေတစ်ကောင်သေသွားပြီ''

''ဟော့ကောင်တွေ ချေဝယ်တဲ့လောပန်း သွားလိုက်ပြီ လား။ မမြင်စေနဲ့နော်''

''တိုးတိုးပြောပါကွ။ မင်းအဖေဟိုမှာရှိတယ်။ မသွားသေး ဘူး''

''ပိုက်ဆံမရလိုက်ဘဲ နေဦးမယ်။ သေလည်း မသေသလို ကိုင်ပြီးထမ်းကွာ''

''ပိုက်ဆံဘာလို့ တစ်ခါတည်းမပေးတာလဲကွ''

''ဟ ကျောက်ဝယ်သလိုပဲ။ ဟိုရောက်မှ သူတို့ကိုယ်တိုင် ချေလွှတ်ပြီးမှ ပေးမပေ့ါ''

တစ်ယောက်တစ်ပေါက်ပြောနေရင်း ဘဇံချောက်လမ်း တစ်လျှောက် ချေထမ်းပြီးသွားကြသည့် ရေမဆေးသမားတွေက အယောက်လေးငါးဆယ်ခန့်ရှိလေသည်။ ကျောက်သွေးတောင် လိုဏ်ဂူဘုရားတွင် ချေ၊ ဆတ်၊ မျောက် စသည့် သတ္တဝါများ ဘေးမဲ့ပေးလွှတ်ထားသည့် နေရာရှိ၏။ လွန်ခဲ့သည့်လက စပါးကြီးမြွေများ၊ စပါးအုံးမြွေများ ရေမဆေးသမားတွေ ဖမ်းမိ၍

ကျောက်သွေးတောင် လိုဏ်ဂူမှာပင် သွားရောက်လွှတ်ပေးကြ လေသည်။

လူအုပ်ကြီးမှာ ပွဲတော်ကြီးအလား အောက်မေ့ရသည်။ ဥရုချောင်းကမ်းတစ်လျှောက် ရေမဆေးသမားများ၏ ချေဖမ်းပွဲ ကို ဆူလို့၊ ညံလို့ပြောဆိုနေကြ၏ ။ ဒါသည်ပင် ကျွန်တော်တို့မော်ရဲ့ ဓလေ့စရိုက်တစ်ခု မဟုတ်ပါလား။ ချောင်းကမ်းဘေးမှာထိုင်ရင်း ဘဝတူရေမဆေးသမားတွေကို ကျွန်တော်ငေးကြည့်မိနေ၏ ။

''ဖြစ်ပ့ါမလား''

''ဟ ...ဖြစ်ပါတယ်ကွ။ ရှေ့မှာတို့ဖားပြင်ထဲက 'ကိုဝင်း' တို့ 'အိုက်ညွန့်' တို့ 'ထွန်းကြည်' တို့ ပါတာပဲ။ မတွေ့ဘူးလား'' ''ကိုမြင့်အောင်၊ ကိုလှမိုး ကျွန်တော်လည်းလိုက်မယ်ဗျာ'' ကျွန်တော်တို့ပြောဆိုနေကြသံကြား၍ မောင်မိုးဦးက ဝင်ပြော၏ ။

''လိုက်ပါကွ။ သွားကြတာပေ့ါ''

ကိုမြင့်အောင်ကပြောရင်း သူ့တောစီးဖိနပ်၊ အကျႌ၊ ဘောင်းဘီတွေကို ချွတ်ပစ်လိုက်၏ ။

''ဟ လုပ်ကြလေကွာ။ သွားမယ်ဆို။ မင်းတို့အဝတ်တွေ ချွတ်လေကွာ''

ဥရုချောင်း ဟိုဘက်ကမ်းသို့ ကျွန်တော်တို့ဖြည်းဖြည်း ကူးသွားကြ၏ ။

''ငါ့ညီတို့ ဘောင်းဘီ၊ အကျႌတွေကို ရေနည်းနည်းစို အောင် လုပ်လိုက်ဦးကွာ။ ငါလည်းလုပ်ရဦးမယ်''

ကိုမြင့်အောင်က ပြောလည်းပြော၊ ကျွန်တော်တို့အဝတ် တွေကို ရေစိုအောင်လုပ်တော့၏ ။

''ဘာဖြစ်လို့လဲဗျ ကိုမြင့်အောင်''

''လာပါကွာ။ ဟိုရောက်တော့သိမှာပေ့ါ'' ရှေ့ကချေထမ်းသွားသည့်

ရေမဆေးသမားများ နောက် သို့ ကျွန်တော်တို့ ခပ်သွက်သွက်လိုက်ကြရ၏ ။ ကျောက်သွေး တောင်လိုဏ်ဂူသို့ ကျွန်တော်တို့ ရေမဆေးသမားများ ရောက်ချိန် မှာ မိုးချုပ်တော့ပေမည်။

ကောက်ရိုးလောပန်းက ကျောက်သွေးတောင်လိုဏ်ဂူ ဘုရားတွင် ချေဖိုးငွေပေးချေတော့ ချေတစ်ကောင်သေနေသဖြင့် နှစ်ကောင်သုံးသောင်း ဖြစ်သွားတော့သည်။ ချေတစ်ကောင်သေ သွားသည့်အတွက် ငါးထောင်လျှော့ခိုင်းခြင်းဖြစ်လေသည်။ သေသည့်ချေကိုလည်း မြေမြှုပ်ပစ်ဖို့ တတွတ်တွတ်ပြောနေ၏ ။ ချေဖမ်းသူအဖွဲ့ ငွေခွဲကြတော့ ရေမဆေးသမားများအားလုံးကို ရေတွက်ကြည့်ကြ၏ ။ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက် အားလုံး 'လေးဆယ့်ခြောက်ယောက်' ရှိလေသည်။

မမုံအဖွဲ့၊ ဖားပြင်အဖွဲ့၊ ဆန်းကြွယ်အဖွဲ့၊ တစ်ဖွဲ့ တစ်သောင်း၊ တစ်ရွာတစ်သောင်း။ ချေရောင်းရငွေကို ခွဲဝေကြရာမှာလည်း ကျောက်တစ်လုံးရလာလျှင် ရောင်း၍ သည့် ငွေကို ခွဲဝေယူကြသည့်အတိုင်း ဖြစ်လေသည်။ ချေကိုအလျင် တွေ့သူ၊ ဖမ်းမိသူများက အစုပိုရကြ၏ ။ ဂျော်ကီကြီး၊ ဂျော်ကီလေး ခွဲကြပြန်သည်။ ဂျော်ကီကြီးတွေက တစ်ယောက်သုံးထောင်၊ ဂျော်ကီလေးတွေက တစ်ထောင့်ငါးရာ၊ တစ်ထောင်၊ ငါးရာ ရကြလေသည်။ ကျွန်တော်တို့ ဖားကန့်မော်ထဲမှာ ဂျော်ကီ ဟူ သော ဝေါဟာရကို မည်သူအလျင်စသုံးခဲ့သည်မသိ။ ရေမဆေး သမားတစ်ယောက် ကျောက်တစ်လုံးရလာပြီဆိုလျှင် ဝိုင်းထမ်း ပေးသူ၊ လိုက်ရောင်းပေးသူ၊ ဝိုင်းကူပေးသူ၊ ကူညီသူကို ကျောက် ရသူက သဒ္ဓါသလောက် စေတနာရှိသ၍ ငါးစုတစ်စု၊ ဆယ်စု တစ်စု အစုငွေခွဲဝေပေးကြရာမှ ဂျော်ကီဟူသောစကား ပေါ်လာ ခဲ့ခြင်းဖြစ်လေသည်။

ရေမဆေးသမားတစ်ဦးတစ်ယောက် ကျောက်ထမ်းလာ လျှင် လိုက်ထမ်းကူ၊ သယ်ကူ။ မိမိနှင့်ကျောက်ရသူက သိသိ၊ မသိသိ အကြောင်းမဟုတ်။

ကျောက်ရောင်းပြီးသည်နှင့် 'ကျော်ကီ'ဟု ပြောလျှင်ကျောက်ရောင်းရသူက စေတနာရှိသလောက် ပေးလေ့ရှိ၏။ အမှန်က ရေမဆေးကျောက် ရှာစားကြသူချင်းမို့ ကျောက်ရောင်းရသူက 'နေ့တွက်' ကူညီပေးကြခြင်း ဖြစ်လေသည်။

''ဟ မင်းတို့ရောပါလားကွ''

ချေဦးဆောင်ဖမ်းမိသူက ကျွန်တော်တို့ကိုမေး၏ ။

''ပါတာပေါ့ကွာ။ ချောင်းကိုဖြတ်တော့ ငါ့တို့အကျႌတွေ၊ ဘောင်းဘီတွေ ရေစိုကုန်သေးတယ်။ မောလိုက်တာကွာ'' ကိုမြင့်အောင်က ခပ်တည်တည်ပြောနေ၏ ။

''ရော့ကွာ နှစ်ထောင့်ငါးရာပဲ။ မင်းတို့သုံးယောက် ဘယ်လိုခွဲခွဲ''

''ရပါတယ်ကွာ။ မင်းတို့စေတနာရှိသလောက်ပေါ့''

ကိုမြင့်အောင်က ငွေနှစ်ထောင့်ငါးရာကို လှမ်းယူရင်း ပြန်ကြမယ်ဟေ့ဟု ကျွန်တော်တို့ကိုလှမ်းပြော၏ ။

ကျွန်တော်တို့ ဖားပြင်ရွာထဲပြန်ရောက်တော့ မိုးချုပ်နေ ပေပြီ။

''ရော့ လှမိုး မင်းကတစ်ထောင်ယူ''

''မောင်မိုးဦးက ခုနစ်ရာပဲယူလိုက်ကွာ နော့။ လှမိုးက ကလေးများတော့ စားအိုးကကြီးသနဲ့''

''တစ်ရက်တစ်ရက် တို့မှော်ထဲမှာ စားဖို့သောက်ဖို့ နေ့တွက်ရအောင်ရှာရတာ မလွယ်ဘူး မောင်''

''ကိုမြင့်အောင် တစ်ထောင်ယူလိုက်ပါ။ ကျွန်တော့်ကို ရှစ်ရာပဲပေးလေ''

ကျွန်တော်က ကိုမြင့်အောင်ကို အားနာစွာပြောမိ၏ ။

''ယူသွားပါကွာ။ ငါက မင့်လောက် မိသားစုမများပါဘူး ကွာ။''

''ဘာပဲပြောပြော ဒီနေ့အိမ်ကမိန်းမကို 'ချေ'၊ 'ဂျော်ကီ' လိုက်ရတဲ့ ငွေတစ်ထောင် ဟင်းဖိုးလေးပေးနိုင်တာပေါ့ကွာ။ နော့ လှမိုး''

ဟု ကိုမြင့်အောင် အပြောကို ကျွန်တော်ခေါင်းညိတ်ပြမိ ပါသည်။

**နွယ်နီ မဂ္ဂဇင်း**

**အတွဲ ၁၃၊ အမှတ် ၉/၂၀၀၃၊ စက်တင်ဘာလ။**

*

## တွေးရခက်တဲ့ ''ကံ''

တောင်ပေါ်ဒေသ နှင်းကျချိန်ဖြစ်၍ အအေးဓာတ်ပို၏ ။ ဖားကန့်မြို့ရဲ့ ကလပ်ကုန်းဈေးမှာ လူတွေတိုးဝှေ့သွားလာနေကြပေမဲ့ အအေးဒဏ်ကို ဂရုမပြုအားကြ။ မိမိတို့၏ စားဝတ်နေမှု ပြဿနာတွေနဲ့ သွားလာလှုပ်ရှားနေကြသည်။ ကလပ်ကုန်းဈေး က တောင်အောက်ကိုဆင်းသွားလျှင် ကျောက်ဝိုင်း၊ တောင်ပေါ် ပြန်တက်သွားလျှင် ဗျူဟာကုန်း၊ ရဲစခန်း၊ ကွေ့ဆင်းသွားလျှင် မြဝတီဘဏ်၊ နောက်ငှက်ပျောတော၊ မြို့မရပ်ကွက်၊ ဗိုလ်တဲ၊ ကမ္ဘောဇဘဏ်၊ ရဲစခန်းဟိုးဘက်ထောင်တက်သွားလျှင် မော်ဝမ်း ဈေး၊ စည်ပင်ရုံး၊ စုပေါင်းရုံး၊ အပေါ်ဘက်မှာ မြို့ဦးစေတီတော်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

ကလပ်ကုန်းဈေးထဲမှာ မနန်းဌွေးတို့မိသားစု မုန့်ညှင်းချဉ် ရောင်း၏ ။ မနန်းဌွေးရဲ့ အိမ်ဦးနတ်ကြီးကတော့ ရေမဆေး ကျောက်ရှာသူဖြစ်၏ ။ 'ရ' တစ်လှည့် 'မရ' တစ်လှည့်၊ အိမ်ဦးနတ်ကြီး တစ်နေ့ကျောက်အောင်လိမ့်နိုးနဲ့ ဖားကန့်မော်ဒေသမှာ မနန်းဌွေးတို့မိသားစု နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာခဲ့ပါပြီ။ 'မနန်းဌွေး' ရဲ့အိမ်ဦးနတ် 'စိုင်းငင်းဟောင်း' ကတော့ ယနေ့ထိ သိန်းပေါင်းများစွာတန်သော ကျောက်ကြီးကျောက်ကောင်း မရဖူး သေးပါ။ ကလေးသုံးယောက်ကျောင်းစရိတ်နှင့် မိသားစုစားဝတ် နေရေးအတွက် မနန်းဌွေးဦးဆောင်နေ၍ သာ တော်ပေသေး၏ ။ ဟုဆိုရမလိုဖြစ်ပါသည်။ စိုင်းငင်းဟောင်းမှာ အသောက်အစား လေးကလည်းရှိ၊ ဖဲကလေး 'ဘာလေး' ကလည်း ဝါသနာပါဆို တော့ မနန်းဌွေးတစ်ယောက် အိမ်ထောင်ဦးစီးတာဝန်တွေ စုပြုံပြီးထမ်း နေရရှာသည်။

''ပီဒွေး ...ဟော့ နင်စောစောစီးစီး ဘာတွေတွေးနေတာ လဲ။ ခေါ်မကြားအော်မကြားနဲ့''

''မုန့်ညှင်းချဉ် နှစ်ရာဖိုးလို့ ပြောနေတာ''

''အော ဟုတ်ကဲ့၊ ဟုတ်ကဲ့''

မနန်းဒွေးကို ကလပ်ကုန်း တစ်ဈေးလုံးက 'ပီဒွေး' လို့ ခေါ်ကြသည်။ 'ပီ'က ရှမ်းလို 'အစ်မ' ဟုအဓိပ္ပါယ်ရပေမဲ့ မနန်းဒွေးထက် ငယ်သူကြီးသူအားလုံးက 'ပီဒွေး' ဟုသာ ခေါ်ကြ၏ ။ ဈေးသည်ဈေးဝယ်တွေ သွားလာလှုပ်ရှားနေချိန်မှာ သားအတွက် ကျောင်းလုံချည်အသစ် ဝယ်ပေးဖို့တွေးနေသော မနန်းဒွေးတစ်ယောက် ဈေးလာဝယ်သူကို သတိမပြုမိပေ။

''အစ်မကျွန်တော့်ကို မုန့်ညှင်းချဉ် နည်းနည်းပေးပါလား'' မနန်းဒွေးကြည့်လိုက်တော့ သူ့ယောကျ်ားလို 'ရေမဆေးအကျႌ၊ ရေမဆေးဘောင်းဘီမျိုး၊ ပွိုင့်ဖိနပ်ကလည်း တော်တော့်ကို စုတ်ချာ' နေပါပြီ။

''ကျောက်ရှာသွားတာ ဒါလေးပဲရလာတာ။ကျောက် ကြောမြေစာလည်း သိပ်မကောင်းတော့ ကျောက်ကမရလို့ပါ။ အစ်မ မုန့်ညှင်းချဉ်ပေးချင်သလောက် နည်းနည်းပေးပါဗျာ ..'' ထမင်းထုပ်တစ်ဖက်၊ စိန်တူတစ်လက် ကိုင်လာသော ရေမဆေးသမားကြီးတစ်ယောက်။ ဘာဟင်းမှသူ့မှာပါလာပုံမရ။ ''ယူပါ၊ ယူသွားပါရှင်''

မနန်းဒွေးက မုန့်ညှင်းချဉ်ချိန်သည့် ပန်းကန်လုံးထဲ ထည့် မနေပဲ တူနှစ်ချောင်းနှင့် 'လေး ငါး ခြောက် ကော်' ထည့်ပေးလိုက် ၏ ။

''ရှင့်ကျောက်လည်း ယူသွားပါ'' ''ကျွန်မ နားလည်း မလည်ဘူး။ ဒီလိုပါပဲ ...ကျွန်မယောကျ်ားလဲ ရေမဆေးရှာ တာပဲ။ အဲ့လိုကျောက်တွေတော့ အမြဲအိမ်ပါပါလာတယ်။ အရည် မပါဘူးဆိုလားပဲ။ တစ်လုံးမှလည်း မအောင်ဘူး။ ရောင်းလည်း မရောင်းစားရဘူး။ ကျွန်မ စေတနာနဲ့လှူတယ် သဘောထားပ့ါ မယ်''

'ပြော' 'ပြော' 'ပေး' 'ပေး' မနန်းငွေး 'ပေး' လိုက်ပါသည်။

''ဟုတ်ကဲ့ အစ်မ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော် က သူတောင်းစားတော့မဟုတ်ပါဘူး။ ကျောက်ရှာတာ မရတတ် သေးလို့ပါ။ အစ်မ ဒီကျောက်လေးတော့ ယူထားလိုက်ပါ''

''ရပါတယ်''

''ယူသွားပါ''

''ယူပါ''

''ရပါတယ်''

နဲ့ တကယ့်ကို တစ်ယောက်တစ်ခွန်း ပြောနေမိကြ၏ ။

ဘေးနားကဆိုင်အချို့ကလည်း သူတို့နှစ်ဦးကို ကြည့်နေကြသည်။ ဟုတ်သည်လေ။ မော်ထဲမှာက လူအမျိုးမျိုး၊ တချို့က ခရမ်းချဉ်သီးနဲ့ ကျောက်ကိုလဲလိုလဲ၊ ကြက်သွန်နီ၊ ဖြူနဲ့ လဲလိုလဲ။ကျောက်ကောင်းကို ဘယ်သူလာပေးမလဲ။ တချို့မသိတဲ့ဈေး သည်တွေ ယူထားကြ၏ ။ ကျောက်မကောင်းပဲ ဘာလုပ်ရအောင် တုန်း။ ရေမဆေးသမားထားသွားသည့်ကျောက်ကို ဈေးဝယ်သူ လာ၍ မနန်းငွေးတစ်ယောက် လက်ဆေးဇလုံးကြီးထဲ ပစ်ထည့် ထားလိုက်၏ ။

ကလပ်ကုန်းဈေးမှာ မုန့်ညှင်းချဉ် ရောင်းစားတာကြာလှ ပြီ။ ဘယ်တော့မှ ဈေးထဲကိုမလာဖူးသည့် အိမ်ဦးနတ်ကြီး 'စိုင်းငင်းဟောင်' တစ်ယောက် ရောက်လာ၏ ။

''အဲ ... ရှင်ကဘာလာလုပ်တာတုန်း''

''မင့်သားက ကျောင်းစိမ်းလုံချည် စုတ်သွားလို့တဲ့။ သူလည်းဘာမှမလုပ်ဘူးပြောတယ်။ အဲဒါ ငါ ဒေါ်ရင်းလီ အထည်ဆိုင်ဆိုင်မှာ

အကြွေးပြောကြည့်မလို့ပါ ...''

'သား'က အဝတ်အစားဝတ်တာ အမြဲတမ်းသပ်သပ်ရပ် ရပ် ဝတ်လေ့ရှိပါသည်။ 'သုံး' 'လေး' နှစ်ကျော်ကြာသည်အထိ ကျောင်းစိမ်းလုံချည်အသစ် ထပ်ဝယ်မပေးနိုင်တော့ ရိုးရိုးဆွေး သွားတာပဲ ဖြစ်ပေမည်။

''ကဲ ..ကဲ ..နေမြင့်နေပြီဆိုတော့ ဈေးလဲကွဲပြီ။ ဈေး သိမ်းလိုက်ဦးမယ် တော်ရေ့''

ပြောလည်းပြောရင်း မနန်းဋ္ဌေးက ပန်းကန်တွေ၊ ခွက် တွေ၊ တူတွေကို ဆိုင်ထမ်းပိုးမှာ ပြောင်းထည့်သိမ်းလိုက်၏ ။

လက်ဆေးဇလုံရေသွန်တော့ စောစောကမုန့်ညှင်းချဉ်လာတောင်းသူ ရေမဆေးသမားတစ်ဦးပေးသွားသောကျောက်ကို မနန်းဋ္ဌေးက ကောက်ယူလိုက်၏ ။

''ကြည့်ပါဦး။အဆင်မပြေတဲ့ လူတွေ ... ကျုပ်တို့လို လူတွေ ...တော်တော့်ကို မပြေလည်ကြဘူးရှင်ရေ ...။ မုန့်ညှင်းချဉ် ...တောင်းသွားပြီး ...အဲဒီ ကျောက်ကိုပေးသွား တယ် ...''

'စိုင်းငင်းဟောင်း' မျက်လုံးတွေ အရောင်ပြောင်းနေ၏ ။ 'ကျောက်'က 'အစိတ်သား'လောက်သာရှိလေသည်။ မုန့်ညှင်းချဉ် လက်ဆေးဇလုံထဲ ပစ်ထည့်ထား၍ 'ချော်' အမည်းတွေကွာကျပြီး ကျောက်ကသူ့ဗီဇကိုပြနေ၏ ။ ကျောက်အမျိုးက 'ရင့်' 'မန်းအုံ' ပေါ်မှာ 'အစိမ်းရည်'တွေ တောက်ပနေလေသည်။

''မိန်းမ ...မင့် ...ဥစ္စာ ...ကျောက် ..ကျောက် ...အရည်ကျောက်ကြီးပဲကွ ...''

''ရှင်ကလည်း ... သေသေချာချာ ... ရေပြန်ဆေး ကြည့်ပါဦး။ အရည်ကျောက်ဆို ကျုပ်ကိုကျောက်ရှာတဲ့ ရေမဆေး သမားက သူ့အတော်ခံပြီး

ပေးသွားမတဲ့လား ..."

'စိုင်းငင်းဟောင်း' ရေပုံးထဲက 'ရေအသန့်' ဖြင့် ကျောက် ကို ပြန်ဆေးကြည့်နေပြန်၏ ။

"ဟုတ်ပါတယ် ...အငွေးရယ်။ ကျောက်ကောင်းမှ ကျောက်ကောင်းပါကွ။ အရည်ကျောက်ပါ။ ငါနှစ်ပေါင်းဒီလောက် ကြာနေတာ ဒီလိုလှတဲ့ ကျောက်အရည်မျိုး မတွေ့ဖူးသေးဘူး။ တကယ့်အရည်ပ မောင် ..."

ဟုတ်ပါသည်။ ကျောက်က အရည်ကျောက် ဖြစ်လို့နေပါ သည်။ လောပန်းတွေပြကြည့်တော့ ပထမလက်သိန်းတစ်ရာဈေးဖွင့်၏ ။ စိုင်းငင်းဟောင်းက နည်းတယ်ဆိုပြီး မရောင်းပါ။

ကုန်သည် 'ဝယ်လက်ကြီး' 'နှစ်လက် သုံးလက်' ပြကြည့် တော့ သုံးရာအောက်၊ သုံးရာနီးနီးကပ်ကပ် ဈေးပေးနေကြပါပြီ။ ဈေးကခန့်မှန်းလို့ ရနေပေပြီ။ ထင်မထားပဲ ကျောက်ကအရည် ကျောက်ကောင်းဖြစ်နေ၏ ။ မနန်းငွေးတစ်ယောက် ဘာလုပ်လို့ လုပ်ရမှန်းမသိ။ သူ့ထံ မုန့်ညှင်းချဉ်လာတောင်းသူကို သူကိုယ်တိုင် လည်း မမှတ်မိတော့ပေ။ ဘယ်လိုပါဟု ဘယ်သူ့ကိုပြောရမှန်း မသိ။ ဝမ်းသာလုံးကြီးက ရင်ထဲမှာဆို့ဆို့နင့်နင့်ကြီး ဖြစ်လို့နေ၏ ။

"ဘာတဲ့ ..။ အစ်မရေ ..ကျွန်တော်က သူတောင်းစား တော့ မဟုတ်ပါဘူး။ ကျောက်ရှာတာ မရတတ်သေးလို့ပါ။ အစ်မ ဒီကျောက်လေးတော့ ယူထားလိုက်ပါ" ဟူသော စကားလုံးများ ကိုတော့ မနန်းငွေး မှတ်မိနေသေးသည်။ ဘယ်က ရေမဆေး ရှာသူမှန်းမသိ။ မုန့်ညှင်းချဉ် လေးငါးကော် ...ပေးလိုက်တာ ...မနန်းငွေးအတွက် ထူးပြီးမွဲမသွားပေမဲ့ ...သူ့ခမျာ ဒါနဲ့ပဲ ထမင်းစားရမှာ မဟုတ်ပါလား ..."

**ထီးရိုပ်ကြည်ဆန်း**

**၂၀၁၂ ခုနှစ်၊ မေလ(၇)ရက်။**

ဝန်ခံချက်။ လွန်ခဲ့သော ရှစ်နှစ်ကျော်ကာလက ဖြစ်ပျက်ခဲ့ သော ဇာတ်လမ်းဖြစ်၍ ဇာတ်ဆောင်အမည် များ ပြောင်းလဲထားပါသည်။

*

## နတ်မှော်မှာနေတဲ့ ယောသား'သိန်းကျော်'

မိုးဦးကျစအချိန်။ ဆွတ်အောင်ရာမှော်ရွာနှင့် ကရင် ချောင်(အောက်စဖွေ၊ အထက်စဖွေ)မှော်ရွာများမှာ ဥရုချောင်း ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်း ဖြစ်လေသည်။ ဟိုးတုန်းက ဥရုမြစ်၊ နောက်ဥရုချောင်း၊ ယခု ဥရုမြောင်းခေါ်ရမလို။ ဟိုဘက် ကမ်း ဒီဘက်ကမ်း ရေပြင်အကျယ် အလွန်ကျဉ်းမြောင်းလာပြီး မြေစာ၊ ဖို့မြေများဖြင့် မြောင်းသာသာ ရေလမ်းကြောင်း ကျပ်သိပ် နေ၏ ။ မိုးဦးကျစအချိန်မို့ မိုးရေသိပ်မများသေး။ မှော်ဒေသနေရာ အနှံ့အပြား ရွှံ့ဗွက်ထူထပ်လျက်ရှိသေး၏ ။ မိုးများများရွာပြီး မိုးရေ များ များပါလာပြီဆိုလျှင် ရွှံ့ဗွက်တွေ၊ နွံတွေကို မိုးရေတွေက တိုက်စားသွားပေလိမ့်မည်။

''မြန်မြန်လာပါဟ 'သိန်းကျော်' ရ။ နေမြင့်လာတာနဲ့ အတော်ပူလာမှာကွ''

''ဖြေးဖြေးပေ့ါ 'ကိုအောင်ပိုင်'ရာ ငါတို့ရမဲ့ကျောက်က ဘယ်မှမသွားပါဘူး။ မြေစာပုံမှာရှိပါတယ်''

''သူများတွေရတာ လဲမပြောနဲ့။ ဝီရိယကောင်းကြတယ်ကွ သိန်းကျော်ရ။ ကလေးနှစ်ယောက်သာရတယ်။ မင်းကဖြေးဖြေး လုပ်တုန်းကိုးကွ''

ကျွန်တော်က သိန်းကျော်ကို ဘယ်လိုပြောပြော သိန်းကျော်ကတော့ အေးအေးဆေးဆေးပါ။ သူ့ခြေလှမ်းတွေက ပုံမှန်အတိုင်းသာ။

''ဘယ်လိုပဲကြိုးစား 'ရှာ' 'ရှာ' ရချင်မှရတာ မရချင်လျှင် မရဘူး။ ကိုယ်စားရမဲ့ကျောက်ကတော့ ကိုယ့်ကိုစောင့်ရတာ ပဲလေ ...။ ကိုအောင်ပိုင်ကလည်း သိရဲ့သားနဲ့ ဟဲ ...ဟဲ ...''

ကျွန်တော်တို့ယောဒေသ (ရပ်ရွာဇာတိ)က ထွက်လာ ကတည်းက နတ်မှော်ရွာမှာ အခြေချပြီး ကျောက်ရှာနေခဲ့ကြတာ ဖြစ်သည်။ ယခုတလော ဆွတ်အောင်ရာအောက်ဘက် မြေစာပုံ မှာ ရေမဆေးရှာကြတာ အတော်ဟန်ကျကြတယ်လို့ နာမည် ထွက်နေတော့ သူငယ်ချင်းသိန်းကျော်နဲ့ တိုင်ပင်ပြီး မနက်စာစား ပြီးပြီးချင်း ထွက်လာခဲ့ကြတာဖြစ်သည်။ အဆင်ပြေသူတွေမှာ ကမ်ဘိုအာ(နည ဘသျှ)ဝယ်စီးပြီး ရေမဆေးရှာထွက်နိုင်ပေမဲ့ ကျွန်တော်နဲ့ သိန်းကျော်ကတော့ ခြေလျင်သာ လျှောက်သွားနေရ တုန်းဖြစ်၏။ ကျွန်တော်တို့ယောနယ်မြေ၊ ဂန့်ဂေါ၊ ဆော၊ ထီးလင်း မြို့နယ်များထဲမှ ချောင်းကောက်၊ ရွာမ၊ အလယ်ရွာ၊ ကန်ရွာ၊ လက်ပံ၊ မောက်ရွာ စသည့် ယောဒေသရွာသူ၊ ရွာသားများမှာ နတ်မှော်ရွာတွင် အခြေချနေထိုင်ကြတာ တော်တော်များလှပေပြီ။ တချို့က ဈေးရောင်း၊ တချို့က ကျောက်ရှာ၊ နတ်မှော်ရွာတစ်ဝက် လောက် ယောသူ၊ ယောသားတွေနေတဲ့ရွာ ဖြစ်နေ၏။

ကျောက်စိမ်းနယ်မြေမှာ ကျောက်အောင်၊ ငွေရဖို့ ရည်ရွယ်ချက်တွေ တလှေကြီးနဲ့ လာခဲ့ကြသော ယောသူ၊ ယောသားများမှာ တချို့ကအဆင်ပြေသွားကြပေမဲ့၊ တချို့က ကိုယ့်ဒေသမှာ ထမင်းငတ်၊ မှော်ထဲမှာငတ်လုလု၊ ပြဿနာတွေ လည်း ရင်ဆိုင်ကြရ၏။ ကျွန်တော်ကတော့ ရွာကထွက်လာ ကတည်းက ငွေထုပ်ပိုက်ပြီးမှ အမေ့ဆီပြန်မည်။ သူရင်းငှားမလုပ် ပဲ ကိုယ်ပိုင်လယ်တွေ၊ ယာတွေဝယ်မည်။ ရွာကချစ်သူနဲ့ လက်ထပ်မည်ဟု ရည်မှန်းချက်ရှိ၏။ အခုထိတော့ ငွေထုပ်နဲ့ ကျွန်တော် ဝေးနေတုန်းရှိသေး၏။ ထမင်းစားကျောက်၊ ဟင်းစား ကျောက်လေးတွေသာ ရဖူးသေးသည်။ တစ်နေ့တော့ဖြစ်လာမည်ဟု ကျွန်တော်ယုံကြည်နေဆဲဖြစ်၏။

''ဟေး ...ကိုအောင်ပိုင် ...မိုးရွာလာပြီဟေ့။ မိုးကာ အကျႌပါလား''

''ငါတော့မေ့လာခဲ့ပြီ မောင်''

''ကောင်းကွာ''

ဆွတ်အောင်ရာ အောက်ပေါက်ဝနားနီးလာတော့ မိုးက 'ဖြုန်း' ကနဲ ရွာချ၏။ ဟိုးရှေ့နားမှာ ရေအေးချောင်း၊ မျှောချောင်း ရှိ၏။

''ရွာပစေကွာ မိုးရွာမှကျောက်တွေပါတာ''

သိန်းကျော်က ပြောလည်းပြော၊ ခဏခဏ ပြုတ်ပြုတ်သွားသော သူ့ပွိုင့်ဖိနပ်ကြိုးကို သေသေချာချာချည်နေ၏။

''ငါ့သား ဒီနှစ်သူငယ်တန်းစနေမှာ ကျောင်းအပ်ရတော့ မှာ ကိုအောင်ပိုင်ရ။ ပိုက်ဆံ ...ပိုက်ဆံ''

မိုးရေတွေထဲမှာ သိန်းကျော်က ဗလုံးဗထွေးပြောနေ၏။

''အဲဒါကြောင့် ငါ မိန်းမ မယူချင်တာ သိန်းကျော်ရေ''

''စောစောမိန်းမယူရတယ် ကိုအောင်ပိုင်ရ။ ဒါမှ ကလေး ကကြီးလာတော့ အသက်မကြီးခင် သားသမီးလုပ်စာ စားရမယ် လေကွာ''

''အခု ကိုအောင်ပိုင် သုံးဆယ်ပြည့်ပြီလား''

''ငါ နှစ်ဆယ့်ခုနစ်ပဲ ရှိသေးတယ်။ သားက ခြောက်နှစ်၊ သမီးက လေးနှစ် ကြီးလာမှာနဲ့ အားကိုးရမှာ ကိုအောင်ပိုင်က အခုထိ လူပျိုကြီးပဲလုပ်နေ နောက်ကျအသက် ကြီးတော့ ဘယ်သူ့ အားကိုးရမတုန်း ဖြစ်မယ်ဗျနော်''

''အင်း ... သိန်းကျော်ပြောတာလဲ ဟုတ်တုတ်တုတ်''

ဟု ကျွန်တော်တွေးမိ၏။

မိုးကဆက်တိုက်ရွာချနေသည်။ မိုးပေါက်တွေက မိုးသီး မကျရုံတမည် ကြီးလှ၏။

''ကျောက်ရှာလို့တော့ ကောင်းမဟေ့''

သိန်းကျော်က လှမ်းပြောတော့ ကျွန်တော်တို့ ရေအေး ချောင်း၊

မျောချောင်းနှင့် တော်တော်နီးနေပေပြီ။ မြေစာပုံ တောင်ကုန်းထိပ်မှ ရေတွေက တဝေါဝေါမြည်သံပေးပြီး ရေစီး အားသန်လာတာ ကျွန်တော်တွေ့ရ၏ ။

''သိန်းကျော် ငါတို့ဟိုဘက် ကူးလို့ဖြစ်ပ့ါမလားကွ'' ''ကူးမရလည်း သည်ဘက်က ခဏစောင့်တာပေ့ါ ကိုအောင်ပိုင်ရာ။ မိုးရပ်လျှင် မျောရေနည်းသွားမှာပါ''

ကျွန်တော်တို့ရှေ့မှာ ရေမဆေးရှာသူတွေ နေရာအနှံ့ ဖြစ်နေ၏ ။

''ဟာ ...ဟာ ...ဟိုလူ''

သိန်းကျော်က ပြောပြောဆိုဆို မျောချောင်းဘေးနားကပ် သွားပြီး ကျလုလုဖြစ်နေသော ရေမဆေးသမားတစ်ယောက်၏ လက်ကိုလှမ်းဆွဲလိုက်၏ ။

''ဟာ ...ဟေ့ကောင် သိန်းကျော်''

မျောချောင်းဘေး မြေစာတွေကပဲ့ပဲ့ကျနေတုန်း၊ ရေမ ဆေးရှာသူတစ်ယောက် မျောထဲကိုပြုတ်အကျ သိန်းကျော်က လှမ်းအဆွဲ နှစ်ယောက်စလုံး မျောချောင်းထဲ ထိုးကျသွား၏ ။

''သွားပြီ''

မျောချောင်းဆိုတာက ရေချည်းစီးနေတာမဟုတ်။ နွံတွေ၊ ရွံ့တွေ၊ အတုံး၊ အခဲ၊ မောက်တုံးတွေ၊ ကျောက်တုံးတွေ၊ အသေး အကြီး အရှိန်နဲ့ ဝရုန်းသုန်းကားမျောပါ နေတာဖြစ်၏ ။

''သိန်းကျော် ...ဝေး ...သိန်းကျော်''

ကျွန်တော် လှမ်းအော်တော့ သိန်းကျော်နဲ့ ဘယ်က ရေမဆေးသမားမှန်းမသိ၊ မျောချောင်းထဲဝုန်းကနဲ ပျောက်သွား ပြီ။ ရေမဆေးသမားတွေ သူတို့နှစ်ဦး ပြုတ်ကျသွားသည်ကို ဟိုးမျောချောင်းအောက်ဘက်ဆီက တအံ့တဩကြည့်နေမိကြ သည်။

''ဟေး ...သိန်းကျော်''

''ဟော ...ဟိုမှာ သိန်းကျော်။

''ဟေး ...ဝေး ...''

ကျွန်တော်လှမ်းအော်ပစ်လိုက်၏ ။

''တောက် ...ဒီကောင် ...''

ကိုယ့်ဟာကိုယ်မနေ ဘယ်ကရေမဆေးသမားမှန်းမသိ။ ကိုယ့်ရွာကလား၊ သူများရွာကလားမသိ။ ပြူတ်ကျတဲ့ကောင်ရဲ့ လက်လှမ်းကူဆွဲတာ ဟိုကအားနဲ့ သူပါပြုတ်ကျရော 'တစ်ချက်ပဲ' မြင်လိုက်ရသည်။

'လက်မြောက် ...ခေါင်းငဲ့ပြီး ... သိန်းကျော်'ကို ကျွန်တော် နောက်ထပ်မတွေ့ရတော့ ...။

မျောချောင်းပေါက်ကျ၍ ရေတွေကဝါးလုံးထိုးဆင်းလာစဉ် ဖို့မြေတွေက ကမ်းပါးပွဲပွဲကျပြီး ရေမဆေးကျောက်ရှာသည့် သိန်းကျော်နဲ့ အခြားတစ်ယောက်ကိုပါ ဝါးမျိုသွားပါပေပြီ။ မိုး လည်း တဖြည်းဖြည်း စဲသွားပြီ။ ကျောက်ရှာသည့်လူတွေ တစ်ယောက်နဲ့တစ်ယောက် တိုးတိုးဖွေ့ဖွေ့ မျောချောင်းအောက် ဥရုချောင်းပေါက်ဝနားထိ ဆင်းပြီးရှာကြသည်။ သိန်းကျော်ကို လည်းမတွေ့။ ဟိုတစ်ယောက်ကိုလည်းမတွေ့။ ဥရုချောင်းရေက တိမ်တိမ်လေးပါ။ သုံးရက်မြောက်မှာမှ သိန်းကျော်ကို ကျွန်တော် တို့ ရှာတွေ့ကြသည်။ မျောချောင်းနှင့် မနီးမဝေးချောင်းအောက် က ကျောက်တုံးကြီးကို အသေဖက်တွယ်ထားသည့် သိန်းကျော်။ ရေတိမ်တိမ်မှာ ကျောက်တုံးကိုဖက်ထားသည့် သိန်းကျော်။ ကျောက်ရှာရင်း ရေတိမ်နစ်ရရှာတာ ကြည့်၍ မကောင်း။ ခုတော့ မိုးဦးကျစအချိန်မှာ ရွာတဲ့မိုးကြီးက သူမဟုတ်သလို။ ပူလိုက်တဲ့နေ မိုးသားတိမ်လိပ် လုံးဝမရှိ။ အပူရောင်ဟင်းလင်းပြင်ကြီး ဖြစ်နေ ၏ ။

သိန်းကျော်ရဲ့မိန်းမကို ကျွန်တော်တို့ဖြစ်စဉ်တွေ ပြန်ပြော ပြတော့ သိန်းကျော်မိန်းမ ရင်ဘတ်ကိုထုထုပြီး ငိုနေရှာသည်။ သိန်းကျော်သားလေးနဲ့ သမီးလေးကလည်း ငိုနေရှာတော့သည်။

''ငါ့သား ဒီနှစ် သူငယ်တန်းစနေမှာ 'ကျောင်း' အပ်ရ တော့မှာ ကိုအောင်ပိုင်ရေ ...'ပိုက်ဆံ ...ပိုက်ဆံ' ...''

မိုးရေတွေထဲမှာပြောလိုက်သော 'သိန်းကျော်' ရဲ့ စကားသံကို ကျွန်တော်ပြန်ကြားယောင်နေမိ၏ ။

**(၂၀၀၂ခုနှစ်၊ မေလ(၄)ရက်နေ့)**

''နမ့်'' မှော် (ရှမ်းလို - နမ့်) ရေထွက်သည့်မှော် ဆိုင်းတောင် (ဆိပ်မူ)နှင့် နှစ်မိုင်ကျော်ဝေးသည်။ ဆိုင်းတောင်တာမခန်သွား ကားလမ်း၊ ကသိုဏ်းတောင်ခြေတွင် ရှိသည့်ရွာ။ မှော်ထဲအခေါ် ''နမ့်မှော်'' ကို ''နတ်မှော်'' ဟု အခေါ်အဝေါ် အသုံးများ၍ အသံထွက်အတိုင်း ရေးပါသည်။

၂၀၁၁ခုနှစ်က အမှန်တကယ် မျောချောင်းထဲကျ၍ သေဆုံးသွားခဲ့သော သိန်းကျော်ကိုသတိရ၍ ရေးခြင်းဖြစ်ပါသည်။

*